E-book is created by ***www.shanyoma.org***

# ပထမကျော် ဒေါ်ဒွေး

## သုံးဆယ်ထိငှု်တင်မြင့်

မြန်မာ့တိုင်းရင်းဆေးသမိုင်းတွင် မြန်မာစာပေ၊ ပါဠိစာပေ၊ မွန်စာပေ၊ ပျူစာပေဟူ၍ ပင်မစာပေကြီးလေးရပ်သည် ထင်ရှားရှိခဲ့သည်။

ပါဠိမြန်မာစာပေနယ်တွင် ပုဂံခေတ် ပါဠိပါရဂူ သံဃာ်မင်းသမီးမှစ၍ လွတ်လပ်ရေးခေတ် စစ်ကိုင်းချောင်မှပါဠိစာပေပညာရှင် ဆရာမကြီးဒေါ်မာလာရီအထိ အမျိုးသမီးပါဠိစာပေပညာရှင်များ ထွန်းကားလာခဲ့သည်။ ဤ ပါဠိမြန်မာကျမ်းဂန်တတ် အမျိုးသမီးမှတ်တမ်း၌ သုံးဆယ်မြို့ဇာတိ ပထမကျော် ဒေါ်ဒွေးသည်လည်း ဂန္ထဝင်စာတင်ရသော ပညာချွန်၊ ပညာမွန်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

စစ်ကြိုခေတ်က စာရေးသူ ခပ်ငယ်ငယ်အရွယ်မှာ ဘွားအေဝမ်းကွဲတစ်ယောက်နှင့်အတူ ဒေါ်ဒွေး၏ကျောင်းသို့ ရောက်ခဲ့ဖူးသည်။ ကျောင်းပေါ်သို့ တက်သောအခါ ခြေသံမကြားရအောင် နင်း၍တက်ရသည်။ ခုတင်ညောင်စောင်းပေါ်တွင် တွေ့ရသည်။ ယောဂီဝတ်နှင့်ဖြစ်သည်။ ဘီးဆံထုံးကိုထိပ်ပေါ်တွင် တင်၍ထုံးထားသည်။ တည်ကြည်ခံ့ညား၍ လေးစားကြည်ညိုထိုက်သော ဥပဓိရုပ်ဖြစ်သည်။ ရှေးမြန်မာအမျိုးသမီးစစ်စစ်တို့ အသွင်အပြင်အတိုင်း အရပ်ထောင်ထောင်ဖြစ်သည် ထိုအချိန်က အသက်၆၀ကျော်ခန့် ရှိမည်ထင်သည်။ ကလေးဘဝမို့ ဤမျှသာ ရေးရေးထင်ခဲ့သည်။

ဒေါ်ဒွေးသည် သုံးဆယ်မြို့မြေပိုင်ရှင်သူကြွယ်တစ်ဦး၏သမီးဖြစ်သည်။ (မိဘများ၏အမည်ကို စုံစမ်း၍ မရသေးပါ) စုံစမ်းသိရသလောက်မှာ ၁၂၃၈-ခုနှစ်တွင် မွေးဖွားသူဖြစ်သည် စာပေဝါသနာ စူးရှသူဖြစ်၍ ဒေါ်ဒွေးသည် အစ်မဒေါ်ပုတ်ကလေးနှင့်အတူ မန္တလေးသို့တက်၍ စာပေသင်ကြားသည်။ စလင်းတိုက်၊ ထီးလင်းတိုက်၊ တောင်ခွင်တိုက်၊ မြတောင်တိုက်တို့၌ ရဟန်းတော်များနှင့်အတူ စာလိုက်စာသင်ခဲ့သည်။ မိဘပစ္စည်းကြွယ်ဝသူဖြစ်၍ အိမ်ငှားပြီး ငြိမ်းချမ်းစွာပညာကို ဆန္ဒရှိသည့်အတိုင်း ဆည်းပူးလာခဲ့သည်။ ဆံပင်ရှေ့ကန်တော့စွပ်၍ စုံလည်ဆံထိုးဖြင့် ယဉ်ကျေးစွာ ဝတ်စားဆင်ယင်ခဲ့သည်။ ဒေါ်ဒွေးတို့ စာလိုက်ချိန်မှသည် မန္တလေး၌ ထီးရိပ်နန်းရိပ် မ

ဝေးသေးသောကာလဖြစ်၍လည်း ထီးမူနန်းရာအသွင် ဆင်ကြခြင်းဖြစ်သည်။

ဒေါ်ဒွေးသည် ပါဠိမြန်မာစာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ တစ်နှစ်တစ်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်ဆိုသည်။ ပထမငယ်၊ ပထမလတ်၊ ပထမကြီးမှစ၍ ပထမကျော်တန်းကို ဆွတ်ခူးနိုင်ခဲ့သည်။ ပထမကျော်သည် ကိုလိုနီခေတ်ဦးပိုင်း၌ ရှာမှရှားသော ဘွဲ့ထူးဖြစ်ကြောင်းသိရသည်။ ဒေါ်ပုတ်ကလေးသည် အတန်းမအောင် သင်ရိုးကိုသာ တတ်နိုင်သလောက် သင်ကြားခဲ့သူဖြစ်သည်။

ဒေါ်ဒွေးညီအစ်မနှစ်ယောက်သည် မန္တလေး၌ မြန်မာ့တက္ကသိုလ်ကြီးများတွင် ပညာရည်နို့သောက်စို့ကြပြီး သုံးဆယ်မြို့မိဘများထံ ပြန်လာခဲ့သည်။ ဒေါ်ဒွေးသည် ပထမကျော်အောင်ခဲ့ချိန်၌ အသက်(၃၀)အရွယ်မျှ ရှိသေးသည်။ အုန်းသီးကို ခေါင်းအုံး၍ စာပြန်စာလိုက်ခဲ့ရကြောင်း တူမဖြစ်သူ ဒေါ်သန်းကြည်(ဦးချစ်လွန်းသွားစိုက်ဆရာ၏ဇနီး အသက်၇၅နှစ်)ကပြောခဲ့ဖူးသည်။

ထိုခေတ်က ပထမကျော်တန်းသည် ပါဠိစာမေးပွဲနယ်ပယ်၌ တန်းကုန်ခဲ့ပြီ။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၌ ပါဠိဘာသာတွင် လေ့လာစရာမလိုသလောက် ဖြစ်သဖြင့် ဤမျှနှင့်တင်းတိမ်ရောင့်ရဲခြင်းမရှိသေးဘဲ မိဘများ၏ခွင့်ပြုချက်အရ အပျိုကြီးညီအစ်မသည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ပညာဆက်

လက်ဆည်းပူးရန် သင်္ဘောဖြင့်ထွက်ခဲ့သည်။ ဗုဒ္ဓဂါယာတွင် အခြေစိုက်စခန်းချသည်။ ဗုဒ္ဓဂါယာအနီး မြတ်စွာဘုရားဇေတဝန်ကျောင်းတော်မြေ ပတ်ဝန်းကျင်အနီး၌ ခိုလှုံသည်။ ပထမတွင် အိမ်ငှားနေရသည်။ ဟိန္ဒူဇာတ်မြင့်များဖြစ်သဖြင့် ဆက်ဆံရေး၌ အခက်အခဲတွေ့ရသည်။ ထို့နောက် ရာဂျာစော်ဘွားတစ်ဦး၏သမီးများနှင့်ရင်းနှီးစွာ ဆက်ဆံမိသဖြင့် စာပေသင်ကြားရန် ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓတရားတော်များ ရှာဖွေရန်အခွင့်အလမ်းပေါ်ခဲ့သည်။ ဟိန္ဒူဇာတ်မြင့်များသည် ဇာတ်ကြီးသဖြင့် နေပူလွန်း၍ အိမ်ရိပ်တဲရိပ်အစပ်သို့ ဝင်ပြီးနားခွင့်ပင် မပေးခဲ့ကြပါ။ ဇာတ်အစွဲအလန်း ပြင်းထန်လှသည်။

သို့သော် ဒေါ်ဒွေးတို့ညီအစ်မသည် ဗုဒ္ဓသာသနာအတွက်ဖြစ်၍ မဆုတ်မနစ်သော လုံ့လဖြင့် ကြိုးစားနေထိုင်ခဲ့သည်။ ရာဂျာစော်ဘွားများ၏သမီးများနှင့်အတူ ဟိန္ဒူကျောင်းတွင် ဝင်ရောက်ပညာဆည်းပူးရာ ဒေါ်ဒွေးမှာ သတ္တမတန်းအောင်၍ ဒေါ်ပုတ်ကလေးမှာ စတုတ္ထတန်းအောင်ခဲ့သည်။ ထို့နောက် ရာဂျာ(ရာဇာ)စော်ဘွားနှင့်ရင်းနှီးလာသဖြင့် စော်ဘွားပိုင် မြေတစ်နေရာကို ဝယ်ယူခွင့်ရ၍ ဇရပ်တစ်ဆောင်ဆောက်လုပ်သည်။ ထိုဇရပ်တွင် ညီအစ်မနှစ်ယောက်သည် ဗုဒ္ဓဂါယာသို့ဘုရားဖူးလာကြသော မြန်မာနိုင်ငံမှ ဘုရားဖူးများကို ကြိုဆိုညှေ့ခံ၍ သာသနာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓဂါယာတွင် (၇)နှစ်ခန့်နေခဲ့ရာ ဟိန္ဒီဘာသာစကား၊ စာပေနှင့်သက္ကတစာပေတို့ကို ကောင်းစွာ ကျွမ်းကျင်တတ်မြောက်ခဲ့သည်။ ဒေသန္တရ၊ ဘာသန္တရဗဟုသုတပြည့်စုံလောက်ပြီဖြစ်သည်ဟုယုံကြည်လောက်သောအခါ မြန်မာနိုင်ငံသို့ ပြန်ခဲ့ကြသည်။ ဗုဒ္ဓဂါယာမှ မိမိတို့၏ဇရပ်ကို ဒရဝမ်ငှား၍ အစောင့်ထားခဲ့သည်။ သားချင်းကဲ့သို့ ခင်မင်ရင်းနှီးနေသော ရာဂျာစော်ဘွားက တာဝန်ယူကြီးကြပ်ပေးသည်။ ဒရဝမ်ခ တစ်လလျှင်၁၂-ကျပ်ပေးရသည်။ ဒေါ်ဒွေးတို့ ညီအစ်မက နှစ်စဉ် တစ်နှစ်စာလခငွေ ပေးပို့လှူဒါန်းသည်။ ထိုဇရပ်၌ သာယာဝတီဒီစတြိတ်၊ သုံးဆယ်မြို့ဒေါ်ပုတ်ကလေး၊ ဒေါ်ဒွေးကောင်းမှုဟု ကမ္ပည်းထိုးထားရာ ယခုတိုင်ရှိသေးသည်ဟု သိရသည်။ လွတ်လပ်ရေးခေတ်တွင် ဗုဒ္ဓသာသနာအဖွဲ့သို့လွှဲပြောင်းလှူဒါန်းလိုက်သည်။ မြန်မာပြည်ဘုရားဖူးများ တည်းခိုခွင့်ရခဲ့သည်။

ဇာတိသုံးဆယ်မြို့သို့ ဒေါ်ဒွေးတို့ပြန်ရောက်လာသောအခါ တူမသီလရှင်ဒေါ်သုမာလာ၏ကျောင်းတွင် ပရိယတ္တိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြသည်။ ဒေါ်သုမာလာသည်(၁၃)နှစ်သမီးအရွယ်က သီလရှင်ဘဝသို့ ကူးပြောင်းခဲ့သူဖြစ်သည်။ မိဘများက ပစ္စည်းချမ်းသာသူများဖြစ်ကြ၍ ကိုယ်ပိုင်မြေဝယ်ပြီး ဇရပ်ကျောင်းဆောက်၍နေသည်။ သုံးဆယ်မြို့ ယခု စိန်မှန်ပန်းခြံ၏အနီး မီးရထားလမ်းဘေးတွင် (၅)ဧကခန့်မျှကျယ်ဝန်းသောမြေဖြစ်သည်။ ဒေါ်ဒွေးတို့ညီအစ်မရောက်

လာသောအခါ ဤကျောင်းကို ဇေတဝန်ကျောင်းဟု ကမ္ပည်း တပ်သည်။ ဇေတဝန်ဟုဆိုင်းဘုတ်ရေးထားသော်လည်း ဒေါ် ဒွေးကျောင်းဟုခေါ်လေ့ရှိသည်။ (ယခုတိုင် ဇေတဝန်ကျောင်း ဟု ရွှေစာလုံးဖြင့် တပ်ဆင်ထားသည်ကို တွေ့နိုင်သေးသည်။) ဒေါ်သုမာလာသည် အဒေါ်ဒေါ်ဒွေးထံမှ နေ့ဝါ ညဝါစာလိုက် ခဲ့သည်။ ပထမကြီးအောင်ခဲ့သည်။ ကျောင်းမြေကျယ်သဖြင့် ဇရပ်များဆောက်လုပ်ပြီးလျှင် သီလရှင်တစ်ရာကျော်ဖြင့် စာ သင်တိုက်ဖွင့်လှစ်၍ စာချခဲ့သည်။ ဒေါ်သုမာလာက အုပ်ချုပ် ၍ ဆွေမျိုးမိတ်သင်္ဂဟများ၏သမီးငယ်များကို အခြေခံဗုဒ္ဓဘာ သာစာပေပို့ချ သင်ကြားပေးခဲ့သည်။ အမြော်အမြင်ကြီးမား သော အမျိုးသမီးပညာရှင်များပေတည်း။

ဒေါ်ဒွေး၏ပညာကို ကြည်ညိုလေးစားသူဒါယကာ ဒါ ယိကာမများလည်း ပေါများသည်။ ကျောင်းတိုက်တွင် ဆွမ်း ကွမ်းပြည့်စုံ၍ စာသင်တိုက်သီလရှင်များသည် ချမ်းသာမှုရခဲ့ ကြသည်။ ဒေါ်ဒွေးသည် သီလရှင်မဟုတ်၊ ယောဂီဝတ်အမျိုး သမီးပဋိယတ္တိထူးချွန်သူဆရာမကြီးသာဖြစ်သည်။ သို့သော် သူ ၏ဩဝါဒကို ခံယူသူ အမျိုးသမီး၊ အမျိုးသားများပေါများလှ သည်။ လာဘ်လာဘလည်း ပေါများသည်ဆို၏။ သီလရှင်စာ သင်တိုက်ကို တူမဒေါ်သုမလာကို အပ်နှံခဲ့ပြီး ပဋိပတ္တိအ ကျင့်လမ်းစဉ်ကို ဆောင်ရွက်ရန် ကြိုးပမ်းပြန်သည်။

ထို့ကြောင့် ဒေါ်ပုတ်ကလေး၊ ဒေါ်ဒွေးညီအစ်မသည် နောက်ပါတပည့်အချို့နှင့်မွန်ပြည်နယ် တောင်စွန်းမရမ်းကုန်းဘက်မှသွားရသော ကေလာသနှင့်ကေလာသပတောင်ကြား မြသပိတ်တောင်နေရာတွင် (သထုံမြသပိတ်မဟုတ်)တရားအားထုတ်ရန် ကျောင်းမြေသတ်မှတ်၍ ကျောင်းဇရပ်များ ဖန်တီးသည်။ ဒေါ်ဒွေးသည် ပိဋကတ်စာပေတတ်ကျွမ်းရှိသာမက ဗုဒ္ဓ၏မဂ်ရောက်ဖိုလ်ဝင် လမ်းစဉ်ကိုလည်း ကျင့်ကြံအားထုတ်သည်။ သူသည် လယ်တီဆရာတော်ကိုမှီသူ၊ နည်းယူတပည့်ခံသူဖြစ်သည့်ပြင် လယ်တီဆရာတော်၏ကမ္မဋ္ဌာန်းကျင့်စဉ်ကိုမှီးသူဖြစ်သည်။ ကိုယ်တိုင်ကျင့်ကြံသူ သူတော်စင်ပီပီ ဘဝတူလူသားများအပေါ်တွင် မေတ္တာကရုဏာကြီးစွာထားသည်။ ထို့ကြောင့် ကေလာသမြသပိတ်တွင် ကမ္မဋ္ဌာန်းကျောင်းများကို မိမိကိုယ်ပိုင်ငွေဖြင့်လည်းကောင်း၊ စေတနာရှင်တို့ငွေဖြင့်လည်းကောင်း ဆောက်လုပ်သည်။ ကမ္မဋ္ဌာန်းယောဂီများ ဆွမ်း၊ ကွမ်း၊ မစိုးရိမ်ရ။ လှူဒါန်းသူဒါယကာများလည်း ပေါများသည်။ ဒေါ်ဒွေးသည် ကိုယ်ပိုင်ဥစ္စာနေပြည့်စုံသူဖြစ်သဖြင့် မကြောင့်မကြ တရားပြုနိုင်သည်။ အမျိုးသမီးယောဂီများအနက်မှ ဝိပဿနာတရားကို ကိုယ်တိုင်အားထုတ် ကျင့်ကြံသူ၊ သူတစ်ပါးလည်း ကျင့်ကြံရန် နည်းပြနိုင်သူမှာ ဒေါ်ဒွေးဖြစ်သည်။

တစ်နည်းအားဖြင့် အမျိုးသမီးလောက၌ ပထမဆုံး ဝိပဿနာကမ္မဋ္ဌာန်းစခန်းဖွင့်ဖော်သူမှာ ဒေါ်ဒွေးပင်ဖြစ်သည်ဆိုပါက မမှားနိုင်ပေ။ ကေလာသ၊ ကေလာသပတောင်တွင်

ကမ္မဋ္ဌာန်းဂူကျောင်းများဖြင့် တရားစခန်းကို တည်ထောင်ခဲ့ သည်။ ရန်ကုန်မှလူကုံထံ၊ လူချမ်းသာများ၊ သာသနာကိုကြည် ညိုသူ မင်းပိုင်းစိုးပိုင်းမှ ပုဂ္ဂိုလ်များ ကိုးကွယ်ဆည်းကပ်ကြ သည်။ ယခုတိုင် ရန်ကုန်မြို့တွင် ဒေါ်ဒွေး၏တပည့်တပန်းများ ကျန်ရှိနေသေးသည်။ ဗဟန်းတွင် သီလရှင်ဆရာကြီးဒေါ်မာ လာ အသက်(၇၀)ကျော်သည် ဒေါ်ဒွေး၏လက်ရင်းတပည့်ဖြစ် သည်။ ဆရာ၏စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးလျက်ရှိ သေးသည်။ တစ်နေ့လျှင် ဘုရားသုံးကြိမ်ဝတ်ပြုရသည်။ သောက်တော်ရေကို သုံးကြိမ်လဲလှယ်ရသည်။ ဒေါ်ဒွေး၏နည်း စနစ်အမွေကိုခံယူထားလျက်ပင်။ သုံးဆယ်၌လည်း ဒေါ်အုန်း ကြည် ဒေါ်သန်းစသော တပည့်များလည်း ရှိနေသေးပါသည်။

အသက်အရွယ် ထောက်လာပြီတစ်ကြောင်း၊ ခေတ် အခြေအနေကြောင်းတစ်ကြောင်း ဇာတိသုံးဆယ်မြို့ပြန်၍တူမ သီလရှင်ဒေါ်သုမာလာ၏ကျောင်းတွင် ပြန်၍လည်းစခန်းချ ပြန်သည်။ ဒေါ်ဒွေး၏လယ်ယာများသည်သုံးဆယ်မြို့၏အရှေ့ ဖားအင်းရွာ၊ သရက်ဖြူကန်ရွာ၊ သာယာဝတီအုန်းတောစုဘက် တွင် တည်ရှိသည်။ တူများက မြင်းနှင့်လိုက်၍ လယ်ခတောင်း ခံရသည်။ ဇေတဝန်ကျောင်းဝင်းတွင် အုတ်တိုက်ကျောင်းတစ် ဆောင်နှင့်ကမ္မဋ္ဌာန်းကျောင်းလေးများ ဖန်တီးသည့်အချိန်တွင် စာသင်စာချလုပ်ငန်းကို အလေးမပေးဘဲ ဝိပဿနာလုပ်ငန်း ကို ဂရုတစိုက် ဆောင်ရွက်တော့သည်။ သာယာဝတီနယ်နှင့် တကွ ပြည်၊ရန်ကုန်လမ်းတစ်လျှောက်တွင်ဝိပဿနာကမ္မဋ္ဌာန်း

ကိုစတင်အားထုတ် တိုက်တွန်းနည်းပေး၍ ကျယ်ပြန့်အောင် ပထမဆုံး စွမ်းဆောင်သောပုဂ္ဂိုလ်မှာ ပထမကျော်ဒေါ်ဒွေးဖြစ်သည်ဟု သိမှီသူများက ပြောကြပါသည်။ (သုံးဆယ်မြို့ ဗိုလ်ချုပ်လမ်း ဦးကြီး ဦးပု အသက်(၇၀)ကျော်၏မိန့်ကြားချက်။)

ဒေါ်ဒွေးသည် ဗုဒ္ဓ၏တရားတော်အနှစ်သာရကို ကိုယ်တိုင်ခံစားရသူဟု ဆိုလောက်ပေ၏။ သက်ကြီးရွယ်အိုရဟန်းသံဃာတော်များကို တရားကျင့်ကြံအားထုတ်ရန် အလွန်တိုက်တွန်းသည်။ စေတနာ အလွန်ထားသည်။ ဒေါ်ဒွေးသည် သံဃာတော်များနှင့်တွေ့ဆုံတိုင်း-

"အရှင်မြတ်ဘုရားတို့၊ ဗုဒ္ဓသာသနာတော်နဲ့လည်း ကြုံမိဆုံမိနေပါပြီဘုရား၊ သာသနာ့အရည်တော်လည်း ခြုံထားကြပါပြီဘုရား၊ မြတ်စွာဘုရားအလိုတော်ကျ သာသနာ့အလုပ်ကလေးများကို ကျင့်ကြံအားထုတ်သင့်ပါတယ်ဘုရား"ဟုလျှောက်ထားလေ့ရှိသည်။

သံဃာတော်များကလည်း လေးစားအားပေးတော်မူကြပါသည်။ ပရိယတ် ပဋိပတ်စုံသူဖြစ်၍ မယှဉ်နိုင်ကြ။ ဒေါ်ဒွေးသည် သံဃာတော်တို့ကို ကျောခိုင်းသည်။ ပညာမာန်ရှိသည်ဟု အချို့ရဟန်းတော်များက မိန့်တော်မူခဲ့ကြသည်။ ဤသို့မဟုတ်ပါ။ သူ၏ကြီးမားသော မေတ္တာကရုဏာပင်ဖြစ်ပါသည်။ သုံးဆယ်ဇေတဝန်ကျောင်းတွင် နေထိုင်စဉ် ရန်ကုန်မှ တပည့်များက လိုလေသေးမရှိ ပစ္စည်းပစ္စယထောက်ပံ့သည်။ ငါးပုပ်

ခြောက် အိတ်လိုက်၊ ကြာဆံအိတ်လိုက် စသည်ဖြင့် ဖွယ်ဖွယ်ရာရာတို့ ပေးပို့လှူဒါန်းသည်။ ဒေါ်ဒွေးသည် ရှေးသူတော်စင်တို့၏ဓလေ့အတိုင်း နံနက်တိုင်း ယာဂု(ဆန်ပြုတ်)သောက်သည်။ ယာဂုကို ငါးပုပ်ခြောက် (သို့မဟုတ်) ငါးရံ့ခြောက်နှင့် သောက်လေ့ရှိသည်။

ဒေါ်ဒွေးသည် သုံးဆယ်မြို့ အနောက်ညောင်ဝိုင်းရွာ ပထမဆရာတော် ဦးဇောတိပါလ(ဝိနည်းမိုရ်)ဆရာတော်အား အထူးကြည်ညိုခဲ့သည်။ ပစ္စည်းလေးပါးလှူဒါန်းသည်။ တရားမေးမြန်းလျှောက်ထားဆွေးနွေးသည်။ ညောင်ဝိုင်းဆရာတော်သည် ပိတ်ကို ကိုယ်တိုင်လှီးဖြတ်၍ သင်္ကန်းချုပ် ပိန္နဲခေါက်ဆိုး၍ ဝတ်ရုံသည်။ ပင့်လျှောက်သောအခါ ဖိနပ်မစီး၊ ထီးမဆောင်း၊ ယပ်ထမ်း၍ ကြွတော်မူသည်။ အထူးသဖြင့် ဆွမ်းခံ၍ဘုဉ်းပေး၏။ နဝကမ္မအလှူခံတော်မမူပေ။ ယခု ဒုတိယသက်ရှိထင်ရှား ညောင်ဝိုင်းဆရာတော်ဘုရားလည်း(သက်တော်၈၀ကျော်)ဤနည်းအတိုင်းပင် ကျင့်ကြံတော်မူသည်။

ဒေါ်ဒွေးသည် အညိုရောင်ဘန်ကောက်လုံချည်ကို ဝတ်လေ့ရှိသည်။ ကျန်းမာရေးအတွက် မီးရထားလမ်းအပေါ်လမ်းလျှောက်လေ့ရှိသည်။ အင်္ဂလိပ်ဆေးဝါးကို မသုံးစွဲ၊ မြန်မာတိုင်းရင်း ဆေးဝါးကိုသာ မှီဝဲသည်။ မကျန်းမမာဖြစ်နေသောအခါ ပေါက်တန်းဆရာတော်(ဦးဇာဂရ)က ဆေးတိုက်သည်။ သို့သော် ရောဂါသည် တဖြည်းဖြည်း တိုးလာသည်။

အိုနာဖြစ်သည်။ တူ၊ တူမများဖြစ်သော ဦးချစ်လွန်း၊ ဒေါ်သန်းကြည်တို့က ပြုစုရသည်။ "ဘယ်လိုနေသလဲ၊ နာသလား၊ ကျဉ်သလား"မေးလျှင် ဘာမှမဖြစ်ပါဘူးကွယ်ဟု ဖြေသည်။ တရားနှလုံးဖြင့် ဖြစ်ပေါ်လာသော ဝေဒနာကို သုံးသပ်ဆင်ခြင်နေဟန်တူပါသည်။ ဝေဒနာသည်းလာသောအခါ အနားမှပြုစုသူများကို မမေးမြန်းဖို့ ဆိတ်ငြိမ်စွာ နေဖို့မှာကြားပြီးလျှင် တရားရှုမှတ်ပွားများလျက်သာ လဲလျောင်းနေသည်။

တစ်ဘဝ တစ်သံသရာမှာ စိတ်ချ၍ အာမခံချက်ရအောင် တရားထူးတရားမြတ်ကို ကျင့်ကြံကြိုးပမ်းခဲ့သော ပိဋကတ်စပေပေါက်မြောက်အောင် ကြိုးပမ်း၍ စာပေ၏အကျိုးဆောင်ရွက်ခဲ့သော ဝိပဿနာဘာဝနာတရားကို ဗုဒ္ဓအလိုတော်ကျ နည်းညွှန်နိုင်သော တိုင်းပြည်နှင့်လူမျိုး ဗုဒ္ဓဘာသာသာသနာ့အကျိုးကို ဆောင်ရွက်ခဲ့သော ပထမကျော်ဒေါ်ဒွေးသည် အသက်(၆၉)နှစ်၊ လွတ်လပ်ရေးမတိုင်မီ စစ်ပြီးခေတ်တွင် သုံးဆယ်မြို့ ဇေတဝန်ကျောင်း၌ပင် ရုပ်ခန္ဓာချုပ်ငြိမ်းခဲ့ပါသည်။

သုံးဆယ် ထိဋ္ဌိတင်မြင့်

မှတ်ချက်။ ။သွေးသောက်မဂ္ဂဇင်း၊ ၁၉၈၇-ခု၊ ဒီဇင်ဘာလ၊ စာမျက်နှာ(၁၃၉-၁၄၁)၌လာရှိသော ဆောင်းပါးကို ပြင်ဆင်ခြင်း မရှိဘဲ ပြန်လည်ရိုက်နှိပ်ထားပါသည်။